
And the
Mountains Echoed
တောင်တွေ
ပဲ့တင်ထပ်သောအခါ
ဟိန်းလတ်

# ဘာသာပြန်သူ၏ အမှာ စာ

ကျွန်တော် ၁၉၆၅ ခုနှစ်ကစပြီး စာရေးခဲ့ပါတယ်။ ၁၉၆၇ ကစပြီး လုံးချင်းစာအုပ်တွေ ရေးသားခဲ့တာ အခုထိ စာအုပ်ပေါင်း ၁၁၅ အုပ် ရေးသားထုတ်ဝေခဲ့ပြီ ဖြစ်ပါတယ်။ စာအုပ်အများ စုက ဘာသာစကား၊ ဘာသာရေး၊ ဒဿနိကနဲ့ နိုင်ငံရေးအတ္ထုပ္ပတ္တိတွေ များ ပါတယ်။ စာပေ ရေးရာတွေအနေနဲ့ က ၂၀ ရာစု အနောက်တိုင်းစာပေ၊ နိုဗယ်ဆုရစာ ရေးဆရာများ နှင့် သူတို့ စာများ ၊ သိစိတ်စီးကြောင်းနှင့် စာပေဝါဒများ ၊ မဖတ်မဖြစ်စာအုပ် ၁၀၀ တို့ ကို ရေးသားခဲ့ပြီး ဝတ္ထုတိုတွေ၊ ကဗျာတွေ ကို အင်္ဂလိပ်က မြန်မာ၊ မြန်မာက အင်္ဂလိပ်ဘာသာပြန်တွေ ရေးခဲ့ပါတယ်။ ရသလုံးချင်းအနေနဲ့ တော့ "ငမဲ" ရယ်၊ "အဖြူကိုချစ်သော ငမည်း၊ အမည်းကိုချစ်သော အဖြူ" ရယ်၊ "တပြည်သူ တပြည်သား" ရယ်၊ "သူစိမ်းပြင်ပြင် မကြင်နာနဲ့ " ရယ်စတဲ့ ၄ အုပ်ပဲ ဘာသာပြန်ခဲ့ဖူးပါတယ်။ အခု "ခါလစ်ဟိုစိန်နီ" ရဲ့ စာအုပ်က ကျွန်တော့်ရဲ့ (၅) အုပ်မြောက် ရသဝတ္ထုဘာသာပြန်ပဲ ဖြစ်ပါတယ်။ ခါလစ်ဟိုစိန်နီရဲ့ The Kite Runner နဲ့ A Thousand Splendid Sun တို့ ကို ဖတ်ပြီး သိပ်ကြိုက်နေချိန်မှာ စာဖတ်ဝါသနာအိုး ဖုန်းမြတ်ထွဋ်က 'And The Mountain Echoed' ကို စထွက်ထွက်ချင်း ဦးဦးဖျားဖျား လာပေးလို့ ဖတ်ကြည့်ရင်း လက်ကမချနိုင်အောင် စွဲသွားလို့ ကောင်ကောင်ကာ ဘာသာပြန်လိုက်ရတာ ပါ။

ဒီစာအုပ်က ဇာတ်လမ်းဇာတ်ကွက်ဆင်ပုံ၊ အခန်းခွဲပုံ၊ တင်ဆက်ပုံတွေ သိပ်ထူးခြားပါတယ်။ ပုံပြောပြတာတွေ၊ ပေးစာရေးတာတွေကို စ

ကားပြောဟန်ရေးပြီး ကျန်တာတွေကို စာရေးဟန်နဲ့ ရေးပြထားပါတယ်။ ဒီစာအုပ်ကိုဖတ်ရင်း ကမ္ဘာ့ထိပ်တန်းရောင်းအကောင်းဆုံးရသစာအုပ်တစ်အုပ်ရဲ့ ဝတ္ထုရေးဟန်ကို သိလာမှာ ပါ။ ဝတ္ထုအနေနဲ့ ဆက်လက်ခံစားလိုသူတွေအတွက်ရော တန်ဖိုးရှိမယ့်စာအုပ် ဖြစ်ပါတယ်။ ဒီစာအုပ်ရဲ့ အဓိက ပေးချင်တဲ့ အကြောင်းက လူတစ်ယောက်နဲ့ တစ်ယောက် ဂရုစိုက်စောင့်ရှောက်ကြတဲ့ အကြောင်း၊ ကျွန်တော်တို့ ရဲ့ ရွေးချယ်မှုတွေက မျိုးဆက်တွေကို ဘယ်လိုပဲ့တင်ထပ်သွားနိုင်တယ်ဆိုတဲ့ အကြောင်းပါပဲ။ မိမိရဲ့ ပျောက်ဆုံးနေတဲ့ အစိတ်အပိုင်းကို တစ်စုံတစ်ယောက်ဆီမှာ ရှာဖွေတဲ့ အကြောင်း မမေ့နိုင်စရာ ဝတ္ထုဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်ထုတ် ကမ္ဘာ့ရောင်းအကောင်းဆုံး ဝတ္ထုစာအုပ်တစ်အုပ်ကို ၂၀၁၃ ခုနှစ်အတွင်းမှာ ပဲ မြန်မာဘာသာပြန် ရေးသားထုတ်ဝေခွင့်ရတာ သိပ်ကို ဝမ်းသာပါတယ်။ ခေတ်မီကမ္ဘာကြိုက် စာပေလက်ရာဆိုတာ ဘယ်လိုဟာလဲဆိုတာ စာဖတ်ပရိသတ် မြည်းစမ်းကြည့်နိုင်ဖို့ ကြိုးစားဘာသာပြန်လိုက်ရခြင်း ဖြစ်ပါတယ်။

**ဟိန်းလတ်**

* * *

# ခါလစ်ဟိုစိန်နီ

ခါလစ်ဟိုစိန်နီကို ၄.၃.၁၉၆၅ တွင် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် မွေးဖွားခဲ့သည် ။ သူ့ဖခင်က သံတမန်၊ သူ့မိခင်က ကျောင်းဆရာမ ဖြစ်သည် ။ သူသည် အာဖဂန်ဘွား အမေရိကန်စာရေးဆရာ ဖြစ်သည် ။ သမားတော်တစ်ဦးလည်း ဖြစ်သည် ။ ဘွဲ့ရပြီးနောက် ကယ်လီဖိုးနီးယားပြည်နယ်တွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် ။ သူ့ဇနီးမှာ ရိယာဟူစိန်ဖြစ်ပြီး သားဟဲရစ်ဟိုစိန်နီနှင့် သမီး ဖရာဟိုစိန်နီတို့ ကို မွေးဖွားခဲ့၏ ။ ၂၀၀၃ ခုနှစ်တွင် The Kite Runner စာအုပ် ၊ ၂၀၀၇ ခုနှစ်တွင် A Thousand Splendid Sun စာအုပ်၊ ၂၀၁၃ ခုနှစ်တွင် And The Mountain Echoed စာအုပ်များ ရေးသားခဲ့သည် ။ Book Sense Book of the Year Award for Adult Fiction စာပေဆုရခဲ့၏ ။ The Kite Runner သည် ရုပ်ရှင်ရိုက်ကူးခြင်း ခံခဲ့ရ၏ ။

၂၀၀၁ ခုနှစ် မတ်လတွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် ပထမဦးဆုံးဝတ္ထု The Kite Runner ကို ရေးသားပြီး ၂၀၀၃ ခုနှစ်တွင် ထိုစာအုပ်ထုတ်ရာ ပွဲဦးထွက်စာအုပ်ဖြင့်ပင် နိုင်ငံတကာရောင်းအကောင်းဆုံး ဂန္ထဝင်သစ်စာအုပ် ဖြစ်လာခဲ့၏ ။ ဤစာအုပ်ကို နိုင်ငံပေါင်း ၇၀ တွင် ဘာသာပြန်ခဲ့ပြီး နယူးယောက်တိုင်းသတင်းစာတွင် ရက်သတ္တပတ် ၁၀၀ ကျော် ထိပ်တန်းစာအုပ်စာရင်းဝင်ခဲ့၏ ။ ၂၀၀၇ ခုနှစ်တွင် ဒုတိယစာအုပ် A Thousand Splendid Sun ကို ရေးခဲ့ရာ နယူးယောက်တိုင်းသတင်းစာတွင် နှစ်ပေါက်အရောင်းရဆုံး စာအုပ်ဖြစ်ခဲ့၏ ။ ထိုစာအုပ်

နှစ်အုပ်ပေါင်း အရောင်းမှာ အမေရိကန်တွင် ၁ဂ သန်း၊ အခြားနိုင်ငံများတွင် ၃၈ သန်း ရောင်းခဲ့ရ၏ ။ ယခု တတိယစာအုပ်ကို ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ထုတ်ဝေခဲ့၏ ။

၂၀ဝ၆ ခုနှစ်တွင် ဟိုစိန်နီကို UNHCR (ကုလသမဂ္ဂစစ်ပြေးဒုက္ခသည်များ အေဂျင်စီ) ၏ ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်ခဲ့၏ ။ ထို့နောက် ခါလစ်ဟိုစိန်နီဖောင်ဒေးရှင်းကို တည်ထောင်ကာ အာဖဂန်နစ္စတန်ပြည်သူများ ၏ လူသားချင်း စာနာသော အကူအညီများ ပေးခဲ့၏ ။

ယခုအခါ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတွင် နေထိုင်လျက်ရှိ၏ ။

* * *